
# လောကပျံနှိမ့်

## ကာ့ပသား နကျပ်ပုကား မျိုးပိုး

ထော်ကျော်



## လေဘာယူနီယံဆိုတဲ့ အလုပ်သမားအဖွဲ့အစည်းကြီးနဲ့ ပတ်သက်လို့

ရေနံချောင်းမှာ မွေးပြီး၊ ရေနံချောင်းမှာ မကြီးခဲ့ရလေတော့ ကိုယ့်မွေးရပ်မြေအကြောင်းကို ပိုပြီးသိချင်တယ်။ ရေနံစင်တွေ ရေနံတွင်းတွေဟာ အိပ်မက်ထဲမှာ ရွှေရောင်ငွေရောင် မှိုပွင့်ကြီးတွေ ပါပဲ။ မှိုပွင့်တွေကြားထဲမှာ နက်ပြာရောင် မြွေတစ်ကောင်ဟာ **ဝဒ်ဆင်ဝေး** (WARD SING WAY) ခေါ်တဲ့ (နောင်တော့ **သခင်ဖိုးလှကြီးလမ်း**) ပဲ ဖြစ်လိမ့်မယ်။ ဖြူစိမ်းစိမ်း ခါးပတ်တစ်ချောင်းကို ခါးမှာ ပတ်ပြီး ရေနံချောင်းမှာ လက်မထောင်နေသူကတော့ ‘ပင်းချောင်း’ ဆိုတာ ဖြစ်လိမ့်မယ်။

အံ့ဖွယ်ကိုးပါးနဲ့ တန်ဆာဆင်ထားတဲ့ ရေနံချောင်းဟာ တကယ်အံ့ဩကုန်နိုင်ဖွယ် အကျိုး အကြောင်း အချက်အလက်တွေနဲ့ ပြည့်ဝနေသလိုပါပဲ။ ဒီကိစ္စတွေဟာ တကယ်ပဲ အံ့ဖွယ်ကိစ္စတွေ ဖြစ်ချင်လည်း ဖြစ်လိမ့်မယ်။ ဖြစ်ချင်မှ လည်း ဖြစ်လိမ့်မယ်ပေါ့။ လက်ခံယုံကြည်ကြတဲ့ လူပုဂ္ဂိုလ် တွေရဲ့ သိနားလည်မှုက ပြဋ္ဌာန်းပါလိမ့်မယ်။ အငြင်းပွားစရာမှ မဟုတ်တာ။ ဒါပေမဲ့ အဲဒီ ရေနံချောင်း ရေနံမြေမှာ အမှန်တကယ် ပေါ်ပေါက်ခဲ့ဖူးတဲ့ တကယ့်ဖြစ်ရပ်မှန် မှတ်တမ်းတွေ ကတော့ ငြင်းဆိုစရာမရှိလောက်တဲ့ အံ့ဖွယ်တွေပဲ ဖြစ်ပါလိမ့်မယ်။ အံ့ကိုးပါးလည်း ဖြစ်ချင်ဖြစ်မယ်၊ ဒါထက်မကဘဲ ရင်သပ်ရှုမောအံ့ဩစရာကိစ္စတွေလည်း ဖြစ်ချင်ဖြစ်လိမ့်မယ်။

ရေနံချောင်း ရေနံမြေမှာ တကယ်ပေါ်ပေါက်၊ တကယ်လှုပ်ရှားခဲ့တဲ့ အဲဒီအဖြစ်အပျက်တွေ ဟာ ရေနံချောင်းရဲ့ အံ့ဖွယ်ကိုးပါးသာမက မြန်မာ့လွတ်လပ်ရေး တိုက်ပွဲတစ်လျှောက် ပေါ်ပေါက်ခဲ့ ဖူးတဲ့ နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲတွေ၊ အလုပ်သမား လူတန်းစားရဲ့ တောင်းဆိုတိုက်ပွဲဝင်ခဲ့မှုတွေ အဖြစ် ပီပီပြင်ပြင် မြင်တွေ့ရမှာ ဖြစ်ပါတယ်။ ရေနံချောင်း ရေနံမြေက စတင်ခဲ့တဲ့ အလုပ်သမား လှုပ်ရှားမှုတွေ၊ အလုပ်သမား သပိတ်တွေအကြောင်းကို ရေနံချောင်းသားဖြစ်တဲ့ စာရေးသူ ကိုယ်တိုင် အများကြီး လေ့လာခဲ့ရပါတယ်။ ဒီတော့ ...

ရေနံချောင်း ရေနံမြေမှာ ပေါ်ပေါက်ခဲ့ဖူးတဲ့ '**လေဘာယူနီယံ**' ဆိုတဲ့ အလုပ်သမားအဖွဲ့ အစည်းအကြောင်း၊ အဲဒီအဖွဲ့အစည်းက အလုပ်သမားတွေကို ဦးဆောင်စည်းရုံး လှုပ်ရှားခဲ့တဲ့ '**ဇဒိုက်ကြီး**' ဆိုတဲ့ အလုပ်သမားလှုပ်ရှားမှုတွေ၊ ရေနံမြေကို ခြေချခွင့်မရလို့ ဧရာဝတီမြစ်ထဲမှာ ဖောင်ပေါ်ကနေ တရားဟောခဲ့တဲ့ ဥက္ကဋ္ဌ ဦးမျိုးညွန့်ရဲ့ '**မြေမနင်းတရားပွဲ**'၊ ဗမာပြည်မှာ အစိုးရရဲ့ ပထမဆုံးပေါ်ပေါက်တာဝန်ယူခဲ့တဲ့ အစိုးရလွှတ်တော်ထဲက '**အလုပ်သမားအမတ်**'၊ ရေနံမြေ တစ်ခွင် ပြုပြုစင်အောင် အလုပ်သမားကိစ္စ၊ ရေနံကုမ္ပဏီတွေရဲ့ ကိစ္စတွေကို မောင်းတစ်လုံးနဲ့ သတင်း ဖြန့်ချိပေးခဲ့တဲ့ '**မောင်း-ဖိုးဦး**' စတဲ့ ကိစ္စတွေဟာ တကယ့်ဖြစ်ရပ်မှန်တွေဖြစ်ပြီး၊ မြန်မာပြည် အလုပ်သမားလှုပ်ရှားမှုသမိုင်း စာမျက်နှာတွေထဲမှာ အစောဆုံး စာမျက်နှာများ ပဲဖြစ်ပါလိမ့်မယ်။

'**လေဘာယူနီယံ**' ဆိုတဲ့ ရေနံချောင်း ရေနံမြေက အလုပ်သမားအဖွဲ့အစည်းနဲ့ ပတ်သက်ပြီး အဲဒီအဖွဲ့အစည်းအရုံးဥက္ကဋ္ဌဖြစ်တဲ့ '**ဦးမျိုးညွန့်**' နဲ့ တူ '**လေဘာယူနီယံ**' အဖွဲ့အစည်းရဲ့ ခေါင်းဆောင်မှုကဏ္ဍမှာ ပါဝင်ခဲ့တဲ့ '**ဦးတေဇ**' ရဲ့ သားဖြစ်သူနဲ့ ကလည်း ငယ်သူငယ်ချင်းဖြစ်နေလေ

တော့ အဲဒီအလုပ်သမား အဖွဲ့အစည်းရဲ့ လှုပ်ရှားမှုပုံရိပ်တွေဟာ ပိုမိုနီးစပ်ခံစားခဲ့ရတယ်။ စာပေ လောကကို ခြေချမိတော့ ရေနံချောင်းက စာသမားတွေ ဖြစ်တဲ့ သခင်ခင်ညွန့်၊ ရေနံမြေဘဖေ၊ ရေနံမြေ ခင်ညွန့်တို့ နဲ့ ထိတွေ့ခင်မင်မိတဲ့ အခါ '**လေဘာယူနီယံ**' က ရေနံချောင်းသား စာပေသမား တစ်ဦးကို လှုပ်နှိုးခဲ့ပြန်တယ်။

**လေဘာယူနီယံ** ဆိုတဲ့ အလုပ်သမား အစည်းအရုံးတစ်ခုဟာ ပျောက်ပျက်မသွားသင့်ဘူး။ အဲဒီရေနံမြေအလုပ်သမားတွေရဲ့ လှုပ်ရှားမှုတွေဟာ ဒီနေ့အထိ အလုပ်သမားထုရဲ့ ရင်ထဲမှာ ရှင်သန် နေဆဲပါ။ သူတို့သွေးတွေဟာ ဒီနေ့အထိ အလုပ်သမားတွေရဲ့ သွေးကြောထဲမှာ စီးဆင်းနေဆဲပါ။ နေမဝင် အင်ပါယာရဲ့ အရှင်သခင် အင်္ဂလိပ်နယ်ချဲ့သမားနဲ့ အမြီးချင်း ချိတ်ဆက်ထားတဲ့ ပုလင်းတူ ဘူးဆို့ BOCIROCIBP စတဲ့ ရေနံကုမ္ပဏီကြီးတွေကို အန်တုတွန်းလှန်ခဲ့ကြတဲ့ အလုပ်သမားတွေနဲ့ '**လေဘာယူနီယံ**' ဆိုတဲ့ အလုပ်သမားအစည်းအရုံးကြီးဟာ မမေ့ပျောက်သင့်တဲ့ မှတ်တိုင်တစ်တိုင် အဖြစ် နားလည်နိုင်ပါတယ်။

ဒီအတွက် ရေနံချောင်းမြို့သားဖြစ်တဲ့ စာရေးသူဟာ 'လေဘာယူနီယံ' အလုပ်သမား လှုပ်ရှားမှုသမိုင်းကို ကြိုးစားလေ့ လာပြီး အားထုတ်တင်ပြလိုက်ပါတယ်။ ရေးဘော်သူငယ်ချင်း ကဗျာဆရာ '**မောင်သာလင်း**' အပါအဝင် အကူအညီပေးခဲ့ကြတဲ့ ရေနံချောင်းက သခင် ခင်ညွန့် (စာပေလောက)၊ ရေနံမြေဘဖေ (သတင်းထောက်)၊ ရေနံမြေ ခင်ညွန့် (သတင်းထောက်) စတဲ့ ပုဂ္ဂိုလ်တွေနဲ့ ကျေးဇူးတင်ထိုက်တဲ့ သူအားလုံးကို ကျေးဇူးတင်ကြောင်းကိုလည်း မှတ်တမ်းပြု တင်ပြလိုက်ရပါတယ်။

ထက်ကျော်



လေဘာယူနီယံ ဥက္ကဋ္ဌ ဦးမျိုးညွန့်

လေဘာယူနီယံ ဦးမျိုးညွန့်

၁၈၉၀ ခုနှစ်က မန္တလေးမြို့မှာ မွေးပြီး ၁၉၁၅ မှာ ရေနံချောင်းမြို့ကို ရောက်လာတဲ့ ဦးမျိုးညွန့် ကို ရေနံချောင်းသားရယ်လို့ လူတော်တော်များများက တွေးထင်ကြတယ်။ သူ့ဘဝရဲ့ အချိန် အတော်များများကို ရေနံချောင်းမြို့က အလုပ်သမားလှုပ်ရှားမှုတွေထဲမှာ ပဲ အချိန်ကုန်လွန်ခဲ့ရလေတော့ ဒီလို တွေးကြတာ သဘာဝကျပါတယ်။ အိမ်က 'မြို့အုပ်' လုပ်ခိုင်းတဲ့ အခါ 'မြို့အုပ်' မလုပ်ချင်လို့ သာသနာ့ဘောင်ကို ဝင်ပြေးခဲ့တဲ့ ဦးမျိုးညွန့်ရဲ့ မျိုးချစ်စိတ်ကိုလည်း နီးစပ်သူတွေ အားလုံးလောက် နီးနီးက သိထားကြပါရဲ့ ။

ရေနံချောင်းကိုရောက်ပြီး ရေနံချောင်းမှာ ပဲ ရေနံတွင်းစား ဦးမောင်မောင်ပုနဲ့ ဒေါ်ခင်စောလှ တို့ ရဲ့ သမီး ဒေါ်မမလေးနဲ့ အိမ်ထောင်ကျတဲ့ အခါ ရေနံမြေအလုပ်သမားတွေနဲ့ ပါ ပိုမိုနီးစပ်သွားပါ တယ်။ နိုင်ငံရေးကို စိတ်ဝင်စားတာ၊ မျိုးချစ်စိတ်အခံ ပြင်းထန်တာ၊ ပညာတတ်တစ်ယောက် ဖြစ်တာ၊ တစ်ဖက်သားကို သနားကြင်နာပြီး ရိုးဖြောင့်မှန်ကန်တာ စတဲ့ အခြေခံအချက်အလက်တွေ က ဆင်းရဲတွင်းနက်နေတဲ့ ရေနံအလုပ်သမားတွေရဲ့ ဘဝတွေနဲ့ နီးနီးကပ်ကပ် လက်ပွန်းတတီးဖြစ် လာတဲ့ အခါ သူတို့ ရှေ့က မားမားမတ်မတ် ရပ်တည်ပြီး သူတို့ အကျိုးကိုဆောင်ရွက်ချင်တဲ့ ဆန္ဒတွေ ပိုမိုပေါက်ဖွားလာစေခဲ့ပါတယ်။

ရေနံမြေအလုပ်သမားတွေရဲ့ ဘဝကို အနီးကပ် လေ့လာခွင့်ရတာနဲ့ အမျှ မသေရုံသာ စားပြီး သေပြန်ရင်လည်း ရေနံတွင်းကြိုတွင်းကြားမှာ ခွေးလိုသေနေကြရတာ၊ လူမျိုးခြား မျက်နှာဖြူတွေရဲ့ ရိုက်နှက်ကန်ကျောက်ခိုင်းစေတာကို ခံနေရတာ၊ ရေနံမြေမှာ အလုပ်လုပ်နေရပေမဲ့ အိမ်မှာ မီးခွက် ထွန်းဖို့ တောင် ရေနံဆီမတတ်နိုင်တာ၊ တစ်ကမ္ဘာလုံး အလုပ်သမားတွေ အလုပ်ချိန် ရှစ်နာရီသာ လုပ်ငန်းခွင်ဝင်နေရပေမဲ့ မြန်မာ့ရေနံမြေက အလုပ်သမားတွေမှာ တော့ နေ့မအား ညမ

အား လုပ်နေ ကြရရုံမက အချိန်ပို လုပ်ခဆိုတာ အိပ်မက်တောင် မမက်ဝံ့တဲ့ အနေအထားမျိုးတွေဟာ ရင်နာစရာ ဆိုမှ တကယ့်ကို ရင်နာစရာတွေပါ။

ဒီလို အလုပ်သမားတွေရဲ့ အခွင့်အရေးတွေ ဆုံးရှုံးနေတာတွေဟာ အလုပ်သမားထုကြီးကို တစ်နေရာတည်းမှာ စုစည်းထားနိုင်တဲ့ အလုပ်သမားအဖွဲ့အစည်းမရှိလို့၊ သူတို့ ကို ဦးဆောင် ဦးရွက် ပြုပြီး တိုက်ပွဲဝင်ပေးမယ့် ခေါင်းဆောင်မှုအဖွဲ့ မရှိလို့ ဆိုတာ ဦးမျိုးညွန့် နားလည်ခဲ့တယ်။ ဒါကြောင့် လည်း မြန်မာပြည်မှာ အလုပ်သမား အများ စုကြီး ရှိနေတဲ့ ရေနံချောင်းလိုနေရာမျိုးမှာ အလုပ်သမား အဖွဲ့အစည်းတစ်ခု ပေါ်ပေါက်နိုင်ရေးအတွက် အားသွန်ကြိုးပမ်းဖို့ သူ ဆုံးဖြတ်လိုက်ပါတယ်။

ဒါကြောင့် အလုပ်သမားတွေရဲ့ အခွင့်အရေးကို တိုက်ပွဲဝင်ပေးမယ့် အလုပ်သမား အဖွဲ့ အစည်းတစ်ခု ပေါ်ထွက်လာရေးအတွက် သူကြိုးပမ်းပါတော့တယ်။ တစ်ဦးချင်းကို ချဉ်းကပ် စည်းရုံးတာ၊ အလုပ်သမားရပ်ကွက်တွေထဲကို ဆင်းပြီး ရှင်းလင်းဟောပြောတာ၊ အလှူအတန်း ဘာသာရေးအခမ်းအနားတွေကို ဗန်းပြပြီး အလုပ်သမားတွေနဲ့ ထိတွေ့ပြီး ပြောဆိုစည်းရုံးတာတွေ ကို ပထမခြေလှမ်းအဖြစ်နဲ့ သူစပြီး လုပ်ခဲ့ပါတယ်။ အလုပ်သမားတွေရဲ့ အခွင့်အရေးဆိုတာ မိုးပေါ် က ကျလာတာ မဟုတ်ဘဲ တိုက်ယူမှ ရနိုင်တဲ့ အကြောင်းနဲ့ တိုက်ပွဲဝင်နိုင်ဖို့ အတွက် ခိုင်မာတောင့် တင်းတဲ့ အဖွဲ့အစည်းတစ်ခု ထူထောင်ရမယ်ဆိုတာ အလုပ်သမားတွေကို နားလည်စေတယ်။

သူနဲ့ အတူ သူ့လို အယူအဆရှိတဲ့ ပညာတတ်တွေ၊ ကျောင်းဆရာတွေ၊ နိုင်ငံရေးစိတ်ဓာတ် နိုးကြားတက်ကြွနေသူ လူပုဂ္ဂိုလ်တွေက ဝိုင်းဝန်းကူညီကြတယ်။ ဒါကြောင့် အလုပ်သမားထုထဲကို စိမ့်ဝင်စည်းရုံးလို့

မကြာခင်မှာ ပဲ သူဟာ အများ စုရဲ့ ယုံကြည်မှု တစ်စုံတစ်ရာကို ရရှိခဲ့ပါတယ်။ ဒီယုံကြည်မှုကို အခြေခံပြီး (Labour Union) ဆိုတဲ့ ရေနံမြေအလုပ်သမား အစည်းအရုံးကို ၁၉၂၁ ခုနှစ် ဧပြီလ ၃ ရက်နေ့မှာ ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ မြန်မာပြည်မှာ ပေါ်ပေါက်ခဲ့တဲ့ ပထမဆုံးသော အလုပ်သမားအသင်းအဖွဲ့ တစ်ခုလည်း ဖြစ်ပါတယ်။ (၁၉၄၃ ခုနှစ်နောက်ပိုင်းမှာ လေဘာ ယူနီယံ ကို တုပြိုင်ပြီး တို့ဗမာ အစည်းအရုံးက သခင်တွေ ဦးဆောင်တဲ့ 'လေဘာကွန်ဂရက်' ဆိုတဲ့ အဖွဲ့ အစည်းလည်း ရှိပါသေးတယ်။ ဥက္ကဋ္ဌက ဦးဘစော ဖြစ်ပါတယ်။ 'လေဘာယူနီယံ' နဲ့ 'လေဘာ ကွန်ဂရက်' ကို အမှတ်အမှားကို ဖော်ပြရတာ ဖြစ်ပါတယ်။ BOC 'လေဘာဗျူရို' က ဖွဲ့ပေးထား တဲ့ '၁၉ ဦး ကော်မတီ' ဆိုတာလည်း ရှိသေးပေမဲ့ သူတို့ ကိုတော့ စာရင်းမသွင်းတော့ပါဘူး။)

ဦးမျိုးညွန့်ဟာ 'လေဘာယူနီယံ' ရဲ့ ပထမဆုံးဥက္ကဋ္ဌ ဖြစ်သလို ပထမဆုံး အတွင်းရေးမှူး ကတော့ ဦးအေးမောင် (ရေနံချောင်းအမျိုးသား အထက်တန်းကျောင်း၊ ကျောင်းအုပ်ဆရာကြီး) ဖြစ်ပါတယ်။ ရေနံချောင်းအသင်းကြီးရဲ့ ပထမဆုံးအမှုဆောင် အဖွဲ့ဝင်တွေအဖြစ် ဦးဆိုးတေ၊ ဦးတောင်ရိုး၊ ဦးထွန်းအေး၊ ဦးကြွက်၊ ဦးခင်၊ ဦးစိုးမင်း၊ ဦးကြာဇံ၊ ဦးပွကြီး၊ ဦးတင့်၊ ဦးမိုး၊ ဦးသာဇ၊ ဦးနှုံး၊ ဦးဘသန်တို့ ဖြစ်ကြပါတယ်။ အများ စုက ရေနံမြေ အလုပ်သမားကြီးတွေပါ။

ရေနံမြေတစ်ခုလုံး အိပ်မောကျနေတဲ့ အချိန်၊ ရေနံမြေအလုပ်သမားတွေ ခြယ်လှယ် သွေးစုပ် ခံနေရတဲ့ အချိန် အဲဒီအချိန်မျိုးမှာ မျိုးချစ်စိတ်၊ နိုင်ငံရေးအသိအမြင်နဲ့ အလုပ်သမား အခွင့်အရေး အတွက် နိုးကြားတက်ကြွလာအောင်၊ ခေါင်းမော့လာအောင် ဦးမျိုးညွန့်ရဲ့ 'လေဘာယူနီယံ' က လှုပ်နှိုးဦးဆောင်ခဲ့ပါတယ်။ ဒါကို ဘယ်သူတွေက လက်ခံသည် ဖြစ်စေ၊ လက်မခံသည် ဖြစ်စေ သမိုင်း စာမျက်နှာပေါ်မှာ အမှန်တကယ်ပဲ ဖြ

စ်ပျက်ခဲ့တဲ့ အခြင်းအရာတွေမို့ သံသယကင်းကင်းနဲ့ တင်ပြရ ခြင်းဖြစ်ပါတယ်။

***

သမုဒ္ဒရာကြီးဖြစ်လာဖို့ မိုးရေတစ်စက်နဲ့ မလုံလောက်ပါဘူး။ မိုးရေစက်ပေါင်း မြောက်မြား စွာ ပေါင်းစပ်မိမှ သာ သမုဒ္ဒရာရဲ့ အလှတရားဆိုတာ ပေါ်လာနိုင်ပါတယ်။ ဒါပေမဲ့ ပထမဆုံးကျလာ တဲ့ ရေတစ်စက်ဟာ အမှန်တကယ်ပဲ အရေးပါပါလိမ့်မယ်။ အမျိုး၊ ဘာသာ၊ သာသနာနဲ့ တိုင်းပြည် လွတ်လပ်ရေးအတွက် လုပ်ကိုင်ဆောင်ရွက်ကြရာမှာ လည်း အလုပ်သမား၊ လယ်သမားတွေကို အခြေခံ ကိုယ်စားပြုထားတဲ့ အသင်းအဖွဲ့၊ အစုအစည်း အများကြီး ပေါ်ပေါက်ခဲ့ရာမှ ကိုယ်သန်ရာ သန်ရာ အမြင်တွေ၊ အယူအဆတွေနဲ့ ဆောင်ရွက်လာခဲ့ကြပါတယ်။ တကယ့် မိုးရေထဲက ကျဉ်းထဲ ကျပ်ထဲကာလမှာ ကိုယ်စွမ်းရှိသမျှ လုပ်ခဲ့ကြတာဟာ စံထားစရာတွေပါ။ ဒီအထဲက ရေနံမြေမှာ ပထမဆုံး ဖွဲ့စည်းခဲ့တဲ့ အလုပ်သမား အသင်းအဖွဲ့တစ်ခုကို ဂုဏ်ပြုချင်လို့ ဒီဆောင်းပါးကို ရေးပါ တယ်။

အရာဝတ္ထုတစ်ခု၊ လူပုဂ္ဂိုလ်တစ်ယောက်၊ အသင်းအပင်း အဖွဲ့အစည်းတစ်ခုမှာ လည်း အားသာချက်နဲ့ အားနည်းချက်ဆိုတာ ဓမ္မတာပဲ ရှိတတ်ပါတယ်။ အပြစ်ကို အချစ်နဲ့ ဖုံးတာ မဟုတ် ပေမဲ့ မိုင်တစ်ထောင် ခရီးအတွက် ပထမဆုံး ခြေလှမ်းဟာ ဂုဏ်ယူစရာခြေလှမ်းလို့ မြင်ပါတယ်။ ဒါကြောင့် ‘လေဘာယူနီယံ’ ဆိုတဲ့ ပထမဆုံး အလုပ်သမားအသင်းကြီးနဲ့ အဲဒီအသင်းကြီးရဲ့ ဥက္ကဋ္ဌဖြစ်သူ ဦးမျိုးညွန့် (

၁၉၁၅ ခုနှစ်၊ ရေနံချောင်းမြို့ကို စတင်ရောက်ရှိပြီးကတည်းက လေဘာယူနီ ယံနဲ့ အတူ မြန်မာ့နိုင်ငံရေးဇာတ်ခုံပေါ်မှာ အလုပ်သမားတွေရဲ့ အရေးအရာတွေအတွက် သူ တတ်စွမ်း သမျှ လှုပ်ရှားဆောင်ရွက်သွားသူ၊ ဒုတိယကမ္ဘာစစ်အစမှာ သူရော လေဘာယူနီယံပါ ကွယ်ပျောက် ခဲ့ရပြီး ဂျပန်ခေတ်မှာ တော့ ပခုက္ကူခရိုင်၊ မြိုင်မြို့မှာ အနိစ္စရောက်သွားခဲ့ရသူ) တို့ ဟာ အလုပ်သမား လောကအတွက် တကယ့်လမ်းပြကြယ်လို့ မြင်ပါတယ်။

အဲဒီ လမ်းပြကြယ်နှစ်လုံးက ပထမအကြိမ် ရေနံမြေအလုပ်သမားသပိတ်တိုက်ပွဲကို ဦးဆောင် ခဲ့တယ်။ ပိတ်နေတဲ့ မျက်လုံးတွေကို ပွင့်သွားအောင် စွမ်းဆောင်နိုင်ခဲ့တယ်။ အလုပ်တွေရဲ့ နစ်နာ ဆုံးရှုံးနေရတဲ့ အခွင့်အရေးတွေကို အလုပ်သမားတွေကိုယ်တိုင် တောင်းဆိုဆန္ဒပြပြီး ယူရမယ်၊ တိုက်ယူရမယ်ဆိုတဲ့ အသိအမြင်ကို အလုပ်သမားလောကမှာ အမြင်ပွင့်လင်းသွားစေတယ်။ 'ထီးဖြူရုံကွန်ဖရင့်' လို၊ 'မြေမနင်းတရားပွဲ' (ရေနံမြေကို ခြေမနင်းရဆိုတဲ့ နယ်နှင်ဒဏ်ကြောင့် ရေနံမြေအလုပ်သမားတွေကို ရေနံချောင်းမြို့၊ စနေနံ ဆိပ်ကမ်းမှာ စုရုံးစေပြီး ဦးမျိုးညွန့်က ဧရာဝတီ မြစ်ထဲက ဖောင်ပေါ်မှာ ရပ်ပြီး တရားဟောခဲ့တဲ့ တရားပွဲ) လိုတွေက အလုပ်သမားထုရဲ့ အင်အားကို အုပ်စိုးသူ အစိုးရနဲ့ အရင်းရှင် ဘီအိုစီ (BOC) ကုမ္ပဏီကို ကြောက်ဒူးတုန်သွားစေတယ်။ တိုက်ပွဲတွေ ဆက်ပြီးဖော်ဆောင်ဖို့ အင်အားတွေကို ရစေတယ်။

ပထမအကြိမ် အလုပ်သမားလှုပ်ရှားမှုကြီးက အလုပ်သမားတွေအတွက် အလုပ်ရှင်ဆီက အချက် ၉ ချက်ပါတဲ့ တောင်းဆိုမှုတွေကို တောင်းဆိုခဲ့တယ်။ နှစ်ဖက်အားပြိုင်ကြရင်း လေးလကျော် ကြာပြီးနောက် နောက်ဆုံးမှာ အလုပ်ရှင်ဘက်က လိုက်လျောနိုင်တာတွေကို လိုက်လျောပေးခဲ့ရ တယ်။ ဒါကြောင့် သပိတ်လှန်ပေးခဲ့ပြီး အလုပ်သမားအား

လုံး အလုပ်ပြန်ဆင်းခဲ့ပါတယ်။ ဒါဟာ ပထမဆုံး အလုပ်သမားတွေရဲ့ အောင်ပွဲလို့ ပြောရင်ရပါတယ်။

အလုပ်ရှင်ဖြစ်တဲ့ ဘီအိုစီ (BOC) ကုမ္ပဏီဘက်က အလုပ်သမားတွေရဲ့ တောင်းဆိုချက်တွေ ထဲက ရေနံအလုပ်သမားတွေ အလုပ်ခွင်အတွင်း မ ၂၁ ထိခိုက်နာကျင် ဒဏ်ရာရရင်ဖြစ်ဖြစ်၊ သေဆုံးခဲ့ ရင်ဖြစ်ဖြစ် လျော်ကြေးပေးပါ့မယ်ဆိုပြီး လိုက်လျောခဲ့တယ်။ လုပ်ခလစာတွေ တိုးပြီးပေးပါ့မယ်လို့ ကတိပြုခဲ့ရတယ်။ ဘာသာရေးပွဲတော်တွေအတွက် ခွင့်ရက် ဆယ်ရက်ပေးခဲ့ရတယ်။ စာသင်ကျောင်း၊ ဓမ္မာရုံ၊ ဆေးပေးခန်း၊ သားဖွားခန်းနဲ့ နေအိမ်တန်းလျားတွေ လုံလောက်အောင် ဆောက်ပြီး ပေးခဲ့ရ တယ်။ တစ်နေ့မှာ အလုပ်ချိန်ကို ရှစ်နာရီပဲ သတ်မှတ်ပေးခဲ့ရတယ်။ ဒီအခွင့်အရေးတွေ အားလုံးဟာ ‘လေဘာယူနီယံ’ နဲ့ ‘လေဘာယူနီယံ’ ရဲ့ ဥက္ကဋ္ဌဖြစ်သူ ဦးမျိုးညွန့်တို့ ဦးဆောင်မှုပေးခဲ့လို့ ခံစားခဲ့ ရတယ်ဆိုတာကို ဘယ်သူတွေများ ငြင်းဆိုနိုင်ပါ့မလဲ။

ပထမအကြိမ် သပိတ်တိုက်ပွဲ အောင်မြင်စွာ ပြီးဆုံးသွားပေမဲ့ အစိုးရနဲ့ သူ့ရဲ့ ပါတနာ ဘီအိုစီ (BOC) ကုမ္ပဏီအပါအဝင် ရေနံကုမ္ပဏီတွေဟာ နည်းလမ်းပေါင်းစုံ သုံးပြီး အလုပ်သမားတွေကို ဖိနှိပ်နေမှုတွေ ရှိနေပါသေးတယ်။ ဒုတိယအကြိမ် သပိတ်တိုက်ပွဲ ဖြစ်လာခဲ့ရတဲ့ အဓိက အကြောင်း ရင်းကတော့ လခစားအလုပ်သမားတွေကို နေ့စားအလုပ်သမားတွေအဖြစ် ပြောင်းလဲသတ်မှတ်ပစ် လိုက်လို့ ပဲဖြစ်ပါတယ်။

ဖြစ်ပုံက ဘီအိုစီ (BOC) ကုမ္ပဏီက အလုပ်သမားအရာရှိ မစ္စတာဝက်စတာ (Mr.Wabster) ဟာ နမ္မတူဘော်တွင်းသတ္တုလုပ်ငန်းကို သွားရောက်ကြည့်ရှုလေ့လာခဲ့ပါတယ်။ အဲဒီက အပြန်မှာ တော့ ရေနံမြေက အလုပ်သမားတွေကို လခစားအဖြစ်ကနေ နေ့စားအဖြစ် ပြောင်းလဲပစ်

ဖို့ စီမံ ဆောင်ရွက်ပါတော့တယ်။ အလုပ်သမားတွေဟာ အလုပ်ဆင်း တာနဲ့ ကိုယ့်ရဲ့ အလုပ်သမားဓာတ်ပုံ နံပါတ်တွေကို အချိန်မှတ်တမ်းထိန်း ရုံး (Time Keeping) ကို သွားပြီး အလုပ်ချိန်ကို မှတ်တမ်းထား၊ ချိန်းထား ရပါတယ်။ အလုပ်ထွက်ချိန်ကိုလည်း ဒီလိုပဲ လုပ်ရပါတယ်။ အလုပ်ရှင် က အလုပ်ချိန်တွေ ကို တိုက်ဆိုင်စစ်ဆေးပြီး ရက်တွက်အလိုက် (တစ်ပ တ်လျှင် ငါးရက်ခွဲရပါတယ်) လုပ်ခ ပေးတာပါ။

တွက်ကြည့်တဲ့ အခါ လစာငွေနဲ့ မကွာတဲ့ အပြင် တစ်ခါတစ်ခါမှာ ပို သလိုတောင် ရှိပါတယ်။ ဒါပေမဲ့ ဦးမျိုးညွန့် ခေါင်းဆောင်တဲ့ လေဘာယူ နီယံက အလုပ်ရှင်ရဲ့ လုပ်နည်းလုပ်ဟန်ကို သိပါ တယ်။ လခစား အလု ပ်သမားဘဝကနေ နေ့စားအလုပ်သမားအဖြစ် ပြောင်းပစ်လိုက်တဲ့ အ တွက် အလုပ်ခွင်မှာ ထိခိုက်ဒဏ်ရာရတာ၊ သေဆုံးတာတွေကို အလုပ်ရှ င်က လျော်ကြေးပေးစရာ မလိုတော့ ဘဲ့ အနေအထားကို ရရှိအောင် ဖန် တီးတယ်ဆိုတာ နားလည်ကြပါတယ်။ ဒါကြောင့် လေဘာယူနီယံ က ဦး ဆောင်ပြီး ဒုတိယအကြိမ် အလုပ်သမားလှုပ်ရှားမှု သပိတ်တိုက်ပွဲကို ၁၉ ၂၆ ခုနှစ်မှာ ဆင်နွှဲရ ပြန်ပါတယ်။

အရင်းရှင်ကုမ္ပဏီရဲ့ လှည့်စားမှုဒဏ်ကို မခံမရပ်နိုင်လို့ ဆင်နွှဲခဲ့ရတဲ့ ဒီတိုက်ပွဲမှာ လည်း တည်ကြည်မှန်ကန်တဲ့ လေဘာယူနီယံနဲ့ အလုပ်သ မားထုကြီးကပဲ အနိုင်ရခဲ့ပါတယ်။ အလုပ်သမား တွေကို မူလက ပုံစံအ တိုင်း လခစားတွေအဖြစ် ပြန်လည်ခန့်ထားခဲ့ရသလို အပိုဆုအဖြစ် တခြား အချက် ၈ ချက်ကိုပါ လိုက်လျောခဲ့ရပါတယ်။

ဒါပေမဲ့ အရင်းရှင်ဆိုတာက အလိမ်အညာ အကွေ့အကောက်တွေနဲ့ မာယာပရိယာယ်တွေက များ လွန်းလှတဲ့ အတွက် လိုက်လျောသင့်တာ တွေကို တစ်ဖက်က လိုက်လျောခဲ့သလို တစ်ဖက်က လည်း နဂါးမှန်းသိ

အောင် အမောက်ထောင်ပြတဲ့ သဘောနဲ့ တချို့ အလုပ်သမားတွေကို အလုပ်က ထုတ်ပစ်ခဲ့ပါတယ်။ (ဒုတိယအကြိမ် အလုပ်သမားသပိတ်မှာ အလုပ်ထုတ်ပစ်ခံခဲ့ရတာဟာ ရှုံးနိမ့်မှု ဖြစ်တယ်လို့ တချို့က ကောက်ချက်ချကြပါတယ်။ ဦးမျိုးညွန့်ကိုလည်း နယ်ချဲ့အရင်းရှင်တို့ ရဲ့ လက်ဝေခံကယ်တင်ရှင် ကိုယ်စားလှယ်ပေါက်စရယ်လို့ သတ်မှတ်ခံရပါတယ်။)

ဒီတော့ အဲဒီအလုပ်သမားတွေရဲ့ ကိစ္စအတွက် 'လေဘာယူနီယံ' နဲ့ ဦးမျိုးညွန့်တို့ ရဲ့ ခေါင်းပေါ်မှာ အထုပ်အပိုးကြီးတစ်ခုလို ရောက်လာခဲ့ရပြန်တယ်။ ဟုတ်တယ်လေ။ ကိုယ့်ရဲ့ ဦးဆောင် ဦးရွက်မှုကို ယုံကြည်သက်ဝင်ပြီး ညွှန်ကြားသလို ဆောင်ရွက်ခဲ့ကြရတဲ့ အဲဒီအလုပ်ပြုတ် အလုပ်သမားကြီးတွေနဲ့ သူတို့ ရဲ့ မိသားစု စားဝတ်နေရေးကို လေဘာယူနီယံကလွဲပြီး ဘယ်သူက တာဝန်ယူ ဖြေရှင်းပေးပ့ါမလဲ။ ဓမ္မတာပါပဲ။ တာဝန်ရှိတဲ့ တာဝန်ယူတတ်တဲ့ လေဘာယူနီယံနဲ့ ဦးမျိုးညွန့်တို့ ရဲ့ ပခုံးပေါ်မှာ ပဲ အဲဒီဝန်ထုပ်ဝန်ပိုးကြီးဟာ ရောက်လာပြန်ပြီပေ့ါ။

***

အလုပ်ဖြုတ်ခံရတဲ့ အလုပ်သမားကြီးတွေအတွက် အလုပ်အကိုင် အခွင့်အလမ်းတွေရဖို့ လေဘာယူနီယံက ဥက္ကဋ္ဌဦးမျိုးညွန့်က ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ 'ဆူးဝင်း' ရေနံမြေသစ်ကို တူးဖော်ထုတ်လုပ်ခွင့် လျှောက်ထားပေးခဲ့ပါတယ်။ အရင်းရှင် ရေနံတူးဖော်ရေး ကုမ္ပဏီ အသီးသီးက မျက်စောင်းခဲနေတာကြောင့် ဦးမျိုးညွန့်ဟာ အမိန့်တော်ရ ရှေ့နေကြီးတစ်ဦးရဲ့ အမည်ကို သုံးပြီး အဲဒီ ရေနံမြေ တူးဖော်ထုတ်လုပ်ခွင့်ကို လျှောက်ထားခဲ့ရတာပါ။ တူးဖော်ခွင့်ရတဲ့ အခါကျမှ 'ဆူးဝင်း ရေနံမြေ' မှာ အ

လုပ်ဖြုတ်ခံခဲ့ရတဲ့ ရေနံမြေအလုပ်သမားကြီးတွေကို နေရာချထားပေးခဲ့ရတယ်လို့ ဆိုပါတယ်။

ဒါပေမဲ့ နောက်ပိုင်းမှာ တော့ အဲဒီရေနံမြေမှာ လုပ်ငန်းအခြေစိုက်ပေးခဲ့တဲ့ ဦးမျိုးညွန့်နဲ့ မြေလျှောက်ထားခဲ့ရာမှာ နာမည်ခံပေးခဲ့တဲ့ ဦးသူတော်တို့ အငြင်းပွားမှုဖြစ်ပါတယ်။ ပိုင်ဆိုင်မှု အတွက် တရားရုံးအဆင့်အဆင့်မှာ အပြန်အလှန် တရားစွဲဆိုကြပြီး သူနိုင် ကိုယ်နိုင် ဖြစ်နေတဲ့ အခြေအနေဟာ ဒုတိယကမ္ဘာစစ် ဖြစ်ပွားလာတဲ့ အချိန်အထိ မပြီးမပြတ်ခဲ့ပါဘူး။

အများ သိတဲ့ အတိုင်း ၁၉၃၈ ခုနှစ်မှာ တော့ တို့ဗမာအစည်းအရုံးက ဦးဆောင်တဲ့ '၁၃ဝဝ ပြည့်' ရေနံမြေသပိတ်ကြီး ပေါ်ပေါက်လာပါတယ်။

၁၉၃၆ ခုနှစ်က မြန်မာပြည် ၉၁ ဌာန အုပ်ချုပ်ရေးမှာ ရေနံချောင်းရေနံမြေက အလုပ်သမား အမတ်အဖြစ် လေဘာယူနီယံ ဦးမျိုးညွန့်ကို အလုပ်သမားအများ စုက ရွေးချယ်တင်မြှောက်ခဲ့ကြပါ တယ်။ အလုပ်သမား မဲဆန္ဒရှင် ငါးထောင်အနက် သုံးထောင့်ရှစ်ရာက ထောက်ခံမဲပေးပြီး ရွေးချယ်ခဲ့ ကြတာလို့ ဆိုပါတယ်။

အလုပ်သမားအမတ်ဖြစ်သွားတဲ့ ဦးမျိုးညွန့်ဟာ ၁၉၂၃ နဲ့ ၁၉၂၆ ခုနှစ်မှာ ဖြစ်ပွားခဲ့တဲ့ အလုပ်သမားသပိတ်များ ဖြစ်ပေါ်လာပုံနဲ့ အလုပ်သမားတွေရဲ့ တောင်းဆိုမှုတွေကို ဥပဒေအခြေခံ ထားပြီး အလုပ်ရှင်နဲ့ အလုပ်သမားကြား အငြင်းပွားမှုတွေကို ထိထိရောက်ရောက် ဖြေရှင်းနိုင်မယ့် 'မြန်မာပြည်အလုပ်သမား အငြင်းပွားမှု ဖျန်ဖြေစေ့စပ်ရေးဥပဒေ' ကို လွှတ်တော်မှာ တင်ပြခဲ့တယ်။ ဒါကို လွှတ်တော်မှာ ကန့်ကွက်သူနဲ့ ထောက်ခံသူ ဘက်နှစ်ဖက်ဟာ အချေအတင်ပဲ ဆွေးနွေးခဲ့ရတယ် လို့ ဆိုပါတယ်။ (တချို့က လေဘာယူနီယံကို ၁၉၂၃ ခုနှစ်က ဝံသာနု ဂျီစီဘီအေက

ကွဲထွက်သွားပြီး ဒိုင်အာခီအုပ်ချုပ်ရေးကို လက်ခံတဲ့ ၂၁ ဦးတို့ ရဲ့ သြဇာခံအဖွဲ့လို့ ပြောကြပြီး အလုပ်သမားအကျိုးကို ကာကွယ်ဖို့ ထက် ရာထူးရယူရေးကိုသာ အဓိက အာရုံထားကြတဲ့ အတွက် ဝံသာနု အလုပ်သမားလောကမှာ တစ်စတစ်စ သြဇာကျဆင်းခဲ့ရတဲ့ အဖွဲ့၊ ဒိုင်အာခီလွှတ်တော်အတွင်းမှာ အဆိုပြုမှု၊ ဆွေးနွေးမှုတို့ နဲ့ သာ အချိန်ကုန်နေတဲ့ အဖွဲ့လို့ ဆိုကြပါတယ်။)

ဘာပဲဖြစ်ဖြစ် အယူအဆဆိုတာ အမျိုးမျိုးရှိနိုင်တာမို့ ဘယ်သူမှားပြီး ဘယ်သူမှန်တယ် ဆိုတာ ပြောရခက်ပါတယ်။ အဓိက အဆုံးအဖြတ်ကို တော့ သမိုင်းကပဲ ပေးတတ်ပါတယ်။ ဒါတောင် လုပ်ထားတဲ့ သမိုင်း၊ ဖုံးထားတဲ့ သမိုင်းတွေက ရှိနေတတ်လေတော့ ခက်သားကလား။

ဦးမျိုးညွန့်နဲ့ ပတ်သက်ပြီး ‘ငွေတစ်သိန်း၊ သားစဉ်မြေးဆက် ရေနံကန်ထရိုက်အလုပ်နဲ့ မော်တော်ကားတစ်စီး’ ကိစ္စကိုလည်း ကြားခဲ့ဖူးပါတယ်။ ၁၉၂၃ ခုနှစ် ပထမအကြိမ် ရေနံမြေ အလုပ်သမားသပိတ်ကြီး ပေါ်ပေါက်ဖို့ အတွက် တာစူနေတဲ့ အချိန်မှာ အဲဒီကိစ္စ ဖြစ်ပေါ်ခဲ့တာလို့ လည်း ဆိုပါတယ်။ အဲဒီအချိန်က ဘီအိုစီ (BOC) ကိုယ်စားလှယ် မစ္စတာဒဗလျူ-အက်စ်-လန့်မ်က ဦးမျိုးညွန့်နဲ့ တွေ့ဆုံပြီး ‘လမ်းမလျှောက်တတ်သေးတဲ့ ကလေးတစ်ယောက်ကို အပြေးသင် မပေးပါနဲ့ ၊ ခင်ဗျား ဦးဆောင်နေတဲ့ အလုပ်သမားကိစ္စတွေကို ရပ်လိုက်ပါ။ ဒါဆိုရင် လောလောဆယ် ငွေတစ်သိန်း၊ ခရီးသွားဖို့ မော်တော်ကားတစ်စီးနဲ့ သားစဉ်မြေးဆက် ဘီအိုစီက ကန်ထရိုက် အလုပ် တွေကို ပေးမယ်။ အခုလုပ်နေတာတွေ ရပ်လိုက်တော့’ လို့ ပြောပြီး ဖျားယောင်းသွေးဆောင်ခဲ့ပါ တယ်။ ဒါပေမဲ့ ဦးမျိုးညွန့်က ‘ကိုယ့်ကို ယုံကြည်လေးစားနေတဲ့ ကိုယ့်အလုပ်သမားတွေကို ခုတုံး လုပ်ပြီး ရောင်းမစားဘူး’ လို့ ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသားကြီး ငြင်းဆိုခဲ့ဖူးတယ်လို့ ဆိုကြပါတယ်။

ဒီအတိုင်းပဲ ၁၉၄၁ ခုနှစ်မှာ ဂျွန်ဦးစော နန်းရင်းဝန်ဖြစ်လာတော့ ဦးစောက အလုပ် သမား အမတ် ဦးမျိုးညွန့်နဲ့ ဆက်သွယ်ပြီး သူ့အစိုးရ အဖွဲ့ကို ထောက်ခံဖို့ စည်းရုံးပါတယ်။ တကယ်လို့ သာ ဦးမျိုးညွန့်က သူပြောသလို လုပ်မယ်ဆိုရင် အစိုးရအဖွဲ့မှာ ဝန်ကြီးရာထူး တစ်နေရာ ပေးမယ့်အပြင် ဦးမျိုးညွန့်နဲ့ ဦးသူတော်တို့ ပိုင်ဆိုင်မှု အငြင်းပွားနေကြ တဲ့ 'ဆူးဝင်း' ရေနံမြေအမှုကိုလည်း အနိုင်ရ အောင် ဆောင်ရွက်ပေးမ ယ်လို့ ကမ်းလှမ်းကြောင်း သိရပါတယ်။

ဒါပေမဲ့ ဦးစောဟာ နန်းရင်းဝန်ဖြစ်လာချိန်မှာ သူ့ရဲ့ ဆရာအရင်းဖြ စ်တဲ့ ဦးဘဖေ (ဘကြီး ဘဖေ) ကိုတောင် ထောင်ချခဲ့တဲ့ သူ ဖြစ်တာကြောင့် ဦးစောကို သူ မယုံကြည်ပါဘူး။ ဦးစောဟာ တိုင်းပြည် ကို ကောင်းအောင် လုပ်တာထက် ဆိုးအောင် လုပ်မယ့်သူလို့ တွေးထင် တာကြောင့် 'အလုပ်သမားတွေကို သစ္စာမဖောက်ပါရစေနဲ့ ၊ ရာထူးမရ လည်း နေပါစေ၊ အမှုရှုံးရင်လည်း ရှုံးပါ စေတော့' ဆိုပြီး ငြင်းပယ်ခဲ့ကြောင်း သိရပါတယ်။ တချို့ပုဂ္ဂိုလ်နဲ့ တချို့အဖွဲ့အစည်းတွေ က ပြောသလို 'ရာထူးရရှိရေးကိုပဲ အာရုံထားနေတဲ့ သူ' သာဖြစ်နေခဲ့ရင် ဦးမျိုးညွန့်ဟာ ဒီအခွင့်အရေး ကို လက်လွတ်ခံပါ့မလား စဉ်းစားစရာပါ။

လူတွေဖြစ်ကြတဲ့ အတွက် ဘယ်သူမဆို တစ်ခါတလေမှာ စဉ်းစား တွေးခေါ်မှုတွေ လွဲတတ် တယ်။ လုပ်တာကိုင်တာတွေ ချွတ်ချော် တိမ်း ပါးတတ်တယ်။ ကာလ ဒေသ ပယောဂ အခြေအနေ တွေကြောင့် ကိုယ် မျှော်မှန်းထားသလို ထင်တိုင်းမပေါက်တာတွေ ရှိတတ်တယ်။ ဒါဟာ လူ တစ်ယောက်ရဲ့ အရည်အချင်းနဲ့ ရာခိုင်နှုန်းအများ စု သက်ဆိုင်ပါတယ်။ ဒါပေမဲ့ အဲဒီလူကို အာဃာတထားပြီး မှားယွင်းစွာ ဆုံးဖြတ်တတ်တဲ့ ဆုံးဖြတ်ချက်များကတော့ အဖြူကို အမည်း ဖြစ်သွားတဲ့ အထိ မှားယွင်း သွားတတ်ပါတယ်။ ဒါဆိုရင် သက်ဆိုင်သူတွေမှာ အကြီးအကျယ် နစ်နာ

သွားရုံမက သမိုင်းမှာ လည်း တိမ်းစောင်းမှားယွင်းမှုတွေ ဖြစ်သွားနိုင်ပါတယ်။

အနှစ် ၂၀ ကျော် အလုပ်သမားအရေး၊ နိုင်ငံရေးကိုသာ စိုက်လိုက်မတ်တတ် လုပ်လာခဲ့တဲ့ ဦးမျိုးညွန့်လို လူတစ်ယောက်ဟာ လေးစားစရာမကောင်းဘူးဘဲ ထားဦး၊ ကဲ့ရဲ့ ရှုတ်ချစရာ လူမျိုး မဟုတ်တာကတော့ သေချာပါတယ်။ သစ်ပင်တွေက ကြီးလေ၊ မြင့်လေ လေတိုက်ခံရလေ ဖြစ်ပါ တယ်။ ဒါကို ငြင်းဆိုဖို့ ခက်လှပါတယ်။ ဦးမျိုးညွန့်ဟာ တကယ်ပဲကြီးတဲ့ သစ်ပင်၊ မြင့်တဲ့ သစ်ပင်ပါ။ ဒီတော့ လေတိုက်ခံရပေလိမ့်မယ်။ ဒါပေမဲ့ ဘယ်လိုသဘောသဘာဝနဲ့ တိုက်ခတ်လာတဲ့ လေမျိုးပဲ ဖြစ်ပါစေ အဲဒီအပင်ကြီးကို ပင်စည်က ကျွတ်ပြီး သမိုင်းစာမျက်နှာပေါ်က လွင့်စဉ် ပျောက်ကွယ် သွားအောင်တော့ မလုပ်နိုင်မှာ သေချာပါတယ်။ ဒါကို ယုံတယ်။

*****